
# IIMM က လိင်နဲ့ ဂျင်ဒါအခြေပြု ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးခြင်း

မြန်မာနိုင်ငံအနှံ့ အပြားက အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးငယ်၊ ယောက်ျားလေးငယ်၊ ကွဲပြားတဲ့ ဂျင်ဒါသတ်မှတ်ချက်နဲ့ လိင်စိတ်တိမ်းညွတ်မှုရှိသူအားလုံးဟာ လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုကျူးလွန်သူတွေရဲ့ ပစ်မှတ်ထားခြင်းကို ခံနေရပါတယ်။



IIMM က ဒီရာဇဝတ်မှုတွေကို အလေးအနက်ထားပြီး ကိုင်တွယ်ပါတယ်။ ဒီရာဇဝတ်မှုတွေက လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုနဲ့ လူမျိုးပြုန်းစေမှုတွေနဲ့ သက်ဆိုင်နေပြီး စုံစမ်းစစ်ဆေးမှုအားလုံးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။




## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

လိင် ဆိုသည်မှာ လူတစ်ဦးရဲ့ မျိုးပွားအင်္ဂါလိုမျိုး ဇီဝလက္ခဏာ ဒါမှမဟုတ် ဇီဝကမ္မလက္ခဏာတွေကို ရည်ညွှန်းပါတယ်။ မျိုးပွားလိင်အင်္ဂါကို အခြေပြုပြီး မိန်းမ၊ ယောက်ျား ဒါမှမဟုတ် မွေးရာပါ လိင်အင်္ဂါ မထင်ရှား၊ မသဲကွဲသူရယ်လို့ သတ်မှတ်ပါတယ်။ ဥပမာအားဖြင့် အမျိုးသမီးတွေမှာ သားဖွားဖို့အတွက် မျိုးပွားအင်္ဂါတွေ ရှိပါတယ်။

ဂျင်ဒါ ဆိုသည်မှာ အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးငယ်နဲ့ ယောက်ျားလေးငယ်တွေ ဘယ်လို ပြုမူနေထိုင်သင့်တယ်ဆိုတဲ့ လူ့အဖွဲ့အစည်းရဲ့ သတ်မှတ်ချက်တွေကို ရည်ညွှန်းပါတယ်။ လူတွေမှာ သူတို့ရဲ့ မွေးရာပါလိင်နဲ့မတူညီတဲ့ ဂျင်ဒါသတ်မှတ်ချက်တွေ ရှိနေနိုင်ပါတယ်။

# လိင်နဲ့ဂျင်ဒါအခြေပြုရာဇဝတ်မှုတွေအကြောင်းလေ့လာခြင်း



# အသက်ရှင်ကျန်ရစ်သူများနှင့် သက်သေများ



IIMM ရဲ့ ရှေ့နေတွေ၊ စုံစမ်းစစ်ဆေးသူတွေနဲ့ သုံးသပ်သူတွေက လိင်နဲ့ဂျင်ဒါအခြေပြု ရာဇဝတ်မှုတွေ စုံစမ်းစစ်ဆေးရာမှာ ကျွမ်းကျင်ပြီး အသက်ရှင်ကျန်ရစ်သူတွေနဲ့ မျက်မြင်သက်သေတွေကို တွေ့ဆုံမေးမြန်းရာမှာ အတွေ့အကြုံရှိပါတယ်။



အသက်ရှင်ကျန်ရစ်သူတွေနဲ့ မျက်မြင်သက်သေတွေက သူတို့ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကို ပြန်လည်ပြောပြဖို့ခက်ခဲနိုင်တဲ့အကြောင်း IIMM က နားလည်ပါတယ်။




သူတို့တွေနဲ့ဆက်သွယ်ပြောဆိုတဲ့အခါတိုင်းမှာ သူတို့ရဲ့ လိုအပ်ချက်တွေ၊ ကျန်းမာရေးနဲ့ ဘေးကင်းရေးကို ဦးစားပေးလုပ်ဆောင်ပါတယ်။



လိင်အကြမ်းဖက်မှု ဒါမှမဟုတ် ဂျင်ဒါအခြေပြုရာဇဝတ်မှုတစ်ခုကို သင်ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရရင်ဖြစ်စေ၊ မျက်မြင်သက်သေအဖြစ်ကြုံတွေ့ခဲ့ရရင်ဖြစ်စေ IIMM ဆီ လျှို့ဝှက်စွာ ပြောဆိုနိုင်ပါတယ်။
ဒါကလည်း မိမိဆန္ဒအလျောက် လုပ်ဆောင်ရမှာပါ။ IIMM ဆီ တိုက်ရိုက်ဆက်သွယ်နိုင်ပါတယ်။ ကြားလူ ဒါမှမဟုတ် ကြားခံ အဖွဲ့အစည်းတွေ မလိုပါ။
IIMM က သင့်ရဲ့အတွေ့အကြုံတွေကို နားထောင်ပြီး သက်သေခံချက်အဖြစ် စုဆောင်းပါတယ်။ ပြစ်မှုကျူးလွန်သူများ တာဝန်ခံမှုရှိစေဖို့အတွက် ဒီသက်သေခံချက်တွေကို နိုင်ငံတွင်း၊ ဒေသတွင်း၊ နိုင်ငံတကာတရားရုံးတွေနဲ့ မျှဝေပါတယ်။ သင်တို့ရဲ့ သဘောတူခွင့်ပြုချက်ရရှိပြီးမှသာ သက်သေခံချက်တွေကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွေ၊ စံနှုန်းတွေကို လိုက်နာကျင့်သုံးတဲ့ တရားစွဲဆိုမှုတွေနဲ့ မျှဝေမှာပါ။



သင့်ကို ဘေးကင်းလုံခြုံပြီး နွေးထွေးတဲ့ ပတ်ဝန်းကျင်
တစ်ခုမှာ စကားပြောဆိုမှာဖြစ်ပြီး သင့်ရဲ့ အထူး
လိုအပ်ချက်တွေကိုလည်း ထည့်သွင်းစဥ်းစားပေးမှာ
ပါ။ သင်နဲ့ သင့်မိသားစု၊ ဒါမှမဟုတ် သင့်ရဲ့
အသိုင်းအဝိုင်းကို ထိခိုက်မှုတစ်စုံတစ်ရာမဖြစ်စေဖို့
အတတ်နိုင်ဆုံးလုပ်ဆောင်ပါတယ်။

သင်တို့ရဲ့ အတွေ့အကြုံတွေပြောပြဖို့အတွက်
လူမှုစိတ်ပညာဆိုင်ရာပံ့ပိုးမှုတွေ လုပ်ဆောင်ပေးတာမျိုး၊
အသက်ရှင်ကျန်ရစ်သူတွေကိုကူညီပံ့ပိုးရာမှာ အထူးပြု
ကျွမ်းကျင်တဲ့ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးတာမျိုးတွေ
ကိုလည်း IIMM က ဆောင်ရွက်ပေးနိုင်ပါတယ်။






သင့်ရဲ့ ဘေးကင်းမှုနဲ့ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုက IIMM
အတွက် အဓိကဦးစားပေးဖြစ်ပါတယ်။ IIMM က
သင်ရဲ့ ကိုယ်ရေးအချက်အလက်နဲ့ သင်မျှဝေထားတဲ့
အထောက်အထားတွေကို လျှို့ဝှက်စွာသိမ်းထားပြီး
တရားရုံးတွေနဲ့ အခြားသက်ဆိုင်ရာအာဏာပိုင်တွေ
ဆီမမျှဝေခင် သင့်ရဲ့ သဘောတူညီချက်ကို
တောင်းခံသွားမှာပါ။

# သင့်ရဲ့ အသံက အရေးကြီးပါတယ်



**IIMM ဆီ လျှို့ဝှက်လုံခြုံစွာဆက်သွယ်ရန်**

Signal: +41 76 691 1208

Proton Mail: contact@myanmar-mechanism.org

ထပ်မံသိရှိလိုပါက iimm.un.org @MyanmarMechanism

©IIMM/သရုပ်ဖော် JC